Network for Democracy and Development
Documentation and Research Department

P.O Box 125, Mae Sod,Tak, 63110,Thailand. Tel : 66 1 7241281. E-mail : ndddrd@csloxinfo.com

အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
အမှတ်စဉ် (၂၇၄)

# “မြန်မာ့တပ်မတော်ရဲ့ အနီးကပ်ဆုံးရန်သူ”

ဒီနေ့ဟာ **"WORLD AIDS DAY"** လို့ခေါ်တဲ့ “ကမ္ဘာတဝှမ်း **AIDS** ရောဂါ တိုက်ဖျက်ရေးနေ့” ဖြစ်ပါတယ်။ ဒီနေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်တွေနဲ့ ရှစ်လေးလုံးမျိုးဆက်ကျောင်းသားတွေက အမျိုးသားရေးအန္တရာယ်ဖြစ်တဲ့ ဒီကပ်ရောဂါဆိုးကို တမျိုးသားလုံးအတူလက်တွဲပြီး ပူးပေါင်းကာကွယ် တိုက်ဖျက်သွားကြဖို့ လှုံ့ဆော်စည်းရုံးတဲ့ လှုပ်ရှားမှုတွေကို ပြုလုပ်သွားကြဖို့ စီစဉ်ထားကြပါတယ်။ နအဖ စစ်အာဏာပိုင်တွေကတော့ ဒီကပ်ရောဂါဆိုးရဲ့ အန္တရာယ်ကို တမျိုးသားလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ကာကွယ်တားဆီးမှုတွေ မလုပ်သေးတဲ့အပြင် အမျိုးသားရေးအသိစိတ်ဓါတ်နဲ့ လှုပ်ရှားဆောင်ရွက်နေကြတဲ့ မြန်မာပြည်သူတွေကိုရော၊ နိုင်ငံတကာကိုရော၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း **(NGOs)** တွေကိုပါ သံသယစိတ်တွေနဲ့ အနီးကပ်စောင့်ကြည့်နေကြပြီး တားဆီးပိတ်ပင်မှုတွေကို ပြုလုပ်နေကြတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ **HIV/ AIDS** ရောဂါပိုး ကူးစက်ခံနေရသူပေါင်း (၃)သိန်း (၆)သောင်းလောက်ရှိတယ်လို့ နအဖအာဏာပိုင်တွေက တရားဝင် ထုတ်ဖေါ်ပြောဆိုထားပေမဲ့ ရှင်းလင်းမြင်သာမှုဆိုတဲ့ **(Transparency)** နဲ့ တာဝန်ယူတာဝန်ခံမှုဆိုတဲ့ **(Accountability)** လုံးဝမရှိတဲ့ စစ်အစိုးရရဲ့ ဒီကိန်းဂဏန်းတွေအပေါ် ယုံကြည်အားထားရဖို့ကတော့ အတော်ခဲယဉ်းပါလိမ့်မယ်။ နိုင်ငံတကာလေ့လာသူတွေရဲ့ သုတေသနစစ်တမ်းတွေအရ မြန်မာနိုင်ငံတဝှမ်းလုံးမှာ အဲဒီရောဂါပိုး ကူးစက်ခံနေရသူအရေအတွက်ဟာ (၆)သိန်းကနေ (၈)သိန်းအကြားအထိ ရှိနိုင်တယ်လို့ ဆိုပါတယ်။ နိုဝင်ဘာလ(၂၁)ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ကုလသမဂ္ဂရဲ့ **AIDS** ဆိုင်ရာ နောက်ဆုံးအစီရင်ခံစာအရ မြန်မာနိုင်ငံမှာ **HIV/ AIDS** ရောဂါကူးစက်ပြန့်ပွားမှုဟာ ယွင်နှစ်တွေကထက် အနည်းငယ် လျော့နည်းကျဆင်းလာတယ်ဆိုပေမဲ့ အရှေ့တောင်အာရှက ကူးစက်ပြန့်ပွားမှုအများဆုံး နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံပါဝင်နေသေးတာကို တွေ့ရပါတယ်။ ဒ့ါအပြင် အသက်(၁၅)နှစ်ကနေ (၂၄)နှစ်အကြားမှာရှိတဲ့ မြန်မာလူငယ်တွေရဲ့ (၂)ရာခိုင်နှုန်းနီးပါးလောက်မှာ ဒီရောဂါပိုး ကူးစက်ပြန့်ပွားနေတာဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အလွန်အန္တရာယ်ကြီးတယ်လို့ ဆိုနိုင်ပါတယ်။

လူငယ်လူရွယ်တွေအများစုရှိကြတဲ့ မြန်မာ့တပ်မတော် ကြည်း၊ ရေ၊ လေ၊ တပ်ဖွဲ့တွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်းမှာလည်း **HIV/ AIDS** ရောဂါပိုး ကူးစက်ပြန့်ပွားမှုနှုန်းဟာ ကြောက်ခမန်းလိလိ ကြီးထွားလာနေတာကို တွေ့ရှိနေရပါတယ်။ မြန်မာ့တပ်မတော်အတွင်းမှာ **HIV/ AIDS** ရောဂါပိုး ကူးစက်ခံနေရသူ အရာရှိ(၄၈၅)ဦးနဲ့ အခြားအဆင့် (၆၄၉၃)ဦး၊ စုစုပေါင်း (၆၉၇၈)ဦး၊ အသဲရောင်အသားဝါရောဂါပိုး ကူးစက်ခံနေရသူ အရာရှိ (၁၇၂၄)ဦးနဲ့ အခြားအဆင့် (၅၁၁၀)ဦး၊ စုစုပေါင်း (၆၈၃၄)ဦး ရှိနေပြီလို့ နအဖတပ်မတော် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒီနှစ် စက်တင်ဘာ(၁၁)ရက်နေ့ကနေ (၁၅)ရက်နေ့အထိ ကြပ်ပြေးနေပြည်တော်မှာပြုလုပ်ခဲ့တဲ့ ၂၀၀၆ခုနှစ် နအဖ တတိယလေးလပတ် အစည်းအဝေးမှာ ထည့်သွင်းပြောဆိုသွားခဲ့တာ တွေ့ရပါတယ်။ အင်အား (၂၀၀)တောင်မပြည့်တဲ့ တပ်ရင်းပေါင်းက (၂၈၄)ရင်း၊ အင်အား (၂၀၀ က ၃၀၀) အကြားရှိတဲ့ တပ်ရင်းပေါင်းက (၂၂၀)အထိရှိနေတဲ့ မြန်မာ့တပ်မတော်ရဲ့အင်အားကို လွန်ရောကျုံရော (၃)သိန်းလောက်ထားပြီး တွက်ကြည့်မယ်ဆိုရင် တပ်မတော်သား(၁၀၀)ရှိတိုင်း (၂)ဦးကျော် **(2.33%)** လောက်ဟာ **HIV/ AIDS** ရောဂါပိုး ကူးစက်ခံနေရတဲ့သဘော ဖြစ်ပါတယ်။

၂၀၀၃ ခုနှစ်အတွင်း နအဖစစ်အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး တပ်မတော်ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေအတွင်းမှာ ပြုလုပ်ခဲ့တဲ့ **Sentinal Surveillance** ခေါ် တပ်တွင်း **HIV/AIDS** ရောဂါ

စောင့်ကြည့်စစ်ဆေးမှုအစီအစဉ်အရ တပ်မတော်သား(၁၀၀၀)ကို သွေးစစ်ကြည့်ရာမှာ **HIV/AIDS** ရောဂါ ကူးစက်ခံနေရသူအရေအတွက်ဟာ (၂)ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ဒီရာခိုင်နှုန်းနှစ်ခုကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြန်မာ့တပ်မတော်အတွင်းမှာ ဒီရောဂါကူးစက်ဖြစ်ပွားနှုန်းဟာ လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ပိုတိုးလာနေတယ်ဆိုတာကို တွေ့နိုင်ပါတယ်။

နအဖစစ်ရေးချုပ်တင်ပြတဲ့ ဒီအရေအတွက် ကိန်းဂဏန်းတွေဟာ တပ်မတော်သားသက်သက်အတွက်သာဖြစ်ပြီး သူတို့ကတဆင့်ကူးစက်ခံနေရတဲ့ ဇနီးသားသမီး စတဲ့ မှီခိုသူအရေအတွက် မပါသေးပါဘူး။ တပ်မတော်အတွင်းက တခြားကူးစက်ရောဂါတွေဖြစ်ကြတဲ့ အသဲရောင်အသားဝါ၊ တီဘီနဲ့ ငှက်ဖျားရောဂါ ကူးစက်ခံနေရတဲ့ "ဂိလာန" တပ်မတော်သားအရေအတွက်နဲ့ စစ်ဆင်ရေး (၄)လပတ်တိုင်းမှာ ရှေ့တန်း၊ နောက်တန်း တပ်ရင်းတပ်ဖွဲ့အသီးသီးက ထွက်ပြေးနေတဲ့ ပြန်းတီးအင်အား (၉)ထောင်ကျော် တစ်သောင်းနီးပါးကိုပါ ထည့်တွက်ကြည့်မယ်ဆိုရင် နအဖတပ်တွေမှာ အိပ်ပေါက်နဲ့ဖားကောက်သလိုဖြစ်နေရတဲ့အကြောင်းရင်းတွေကို သိရှိနိုင်ပါလိမ့်မယ်။

**HIV/ AIDS** ရောဂါပိုး ကူးစက်ခံနေရတာဟာ နအဖ တပ်မတော်တစ်ခုထဲမှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်းမှာလည်း အလားတူ ကူးစက်ခံနေကြရပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေနဲ့ မှီခိုမိသားစုတွေအတွင်း **HIV/AIDS** ရောဂါပိုးစွဲကပ်နေသူအရေအတွက်ဟာ ၂၀၀၅ ခုနှစ်အတွင်းမှာ သိသိသာသာ တိုးတက်လာခဲ့တာကြောင့် တစ်ပြည်လုံးမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေ အားလုံးကို **HIV** ရောဂါပိုးရှိမရှိ အမြန်ဆုံးဆေးစစ်ပြီး ရောဂါပိုးကူးစက်ခံနေရသူတွေကို တပ်ဖွဲ့ကနေ ထုတ်ပယ်ပစ်နိုင်ဖို့ ပြည်နယ်နဲ့တိုင်းအသီးသီးရှိ ရဲတပ်ရင်းတပ်ဖွဲ့တွေမှာ စုံ/ခုံ အဖွဲ့တွေ ဖွဲ့စည်းသွားကြဖို့ ရဲချုပ်ခင်ရီက ၂၀၀၅ စက်တင်ဘာလ ကုန်ပိုင်းမှာ ညွှန်ကြားချက်တရပ် ထုတ်ပြန်ခဲ့ရပါတယ်။ ရဲချုပ်ရုံးက အခုလို အရေးတကြီး ညွှန်ကြားချက်ထုတ်ပြန်ရတာဟာ ၂၀၀၅ခုနှစ် (၄၁)ကြိမ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားမှာ စစ်ရေးပြဖို့အတွက် ပဏာမရွေးချယ်ခံခဲ့ရတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ဆေးစစ်ကြည့်ရာမှာ မွန်ပြည်နယ်ရဲတပ်ဖွဲ့က ရဲဒုတပ်ကြပ် အောင်ဝင်းသူ၊ ရဲတပ်သား ထွန်းမြင့်မောင်နဲ့ ကရင်ပြည်နယ်ရဲတပ်ဖွဲ့က ရဲတပ်သား အောင်ကို တို့မှာ **HIV** ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့ရလို့ ဖြစ်ပါတယ်။ ဒီ့အပြင် ၂၀၀၅ ခုနှစ် ဇန်နဝါရီလကနေ ဇူလိုင်လအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကနေ အကြောင်းအမျိုးမျိုးကြောင့် ပြန်းတီးခဲ့ရတဲ့ ရဲတပ်ဖွဲ့ဝင် (၂၀၂၅) ဦးထဲမှာလည်း (၅၀)ကျော်ဟာ **HIV/AIDS** ရောဂါဖြစ်ပွားနေတဲ့အတွက် တပ်ဖွဲ့ကထုတ်ပယ်ခံခဲ့ရသူတွေဖြစ်ကြောင်း သိရှိရပါတယ်။

သဘာဝဓါတ်ငွေ့တွေအပါအဝင် တိုင်းပြည်ရဲ့ အဖိုးတန်သယံဇာတတွေကို အကုန်ရှာ၊ အကုန်ရောင်းလုပ်ပြီး ကြပ်ပြေးနေပြည်တော်ကို တည်ဆောက်နေကြတဲ့ နအဖဗိုလ်ချုပ်ကြီးတွေက တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့မိသားစုတွေအတွက် **HIV/AIDS** ရောဂါပိုး ရှိမရှိ သွေးဖေါက်စစ်ဆေးနိုင်ဖို့ တစ်ဦးကို အမေရိကန်ဒေါ်လာ (၂)ဒေါ်လာနီးပါးအထိ ကုန်ကျမဲ့စားရိတ်ကို မတတ်နိုင်သေးတာကြောင့် အရာရှိအဆင့်တွေကိုသာ ဦးစားပေး စစ်ဆေးပေးနေရတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကတော့ **Care Myanmar** လို **(NGOs)** အဖွဲ့တွေနဲ့ပူးပေါင်းပြီး ရဲတပ်ဖွဲ့ဝင်တွေနဲ့ သူတို့မိသားစုတွေအတွင်းမှာ **HIV/AIDS** ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးစီမံချက်တွေကို ချမှတ်လုပ်ဆောင်နေတာ တွေ့ရှိရပါတယ်။

နအဖလက်နက်ကိုင်တပ်ဖွဲ့တွေအတွင်း **HIV/AIDS** ရောဂါ ကူးစက်ပြန့်ပွားမှု တစ်နှစ်ထက်တစ်နှစ် များပြားလာရတဲ့ အကြောင်းရင်းတွေထဲမှာ တပ်အင်အားတွေကို အလွန်အကျွံတိုးချဲ့နိုင်ဖို့အတွက် ဆေးစွဲနေသူတွေနဲ့ မိန်းမလိုက်စားသူ လူငယ်တွေကို သိမ်းကျုံးပြီး အတင်းအကျပ် တပ်ထဲဆွဲသွင်းခဲ့မှု၊ တပ်ထဲရောက်တော့လည်း အခွင့်အာဏာကို အလွဲသုံးစားလုပ်ပြီး မကောင်းမှုနဲ့အသက်မွေးကြရတဲ့ မိန်းမပျက်တွေကို ဖမ်းဆီးအနိုင်ကျင့်ပျော်ပါးမှုတွေ ပါဝင်တာကိုတွေ့ရပါတယ်။ ရောဂါကူးစက်ခံရသူ တပ်မတော်သားနဲ့ ရဲတပ်ဖွဲ့ဝင်အများစုဟာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်တဲ့ဒေသတွေမှာ တာဝန်ကျခဲ့သူတွေဖြစ်တယ်လို့လည်း ဆိုပါတယ်။ အဲဒီဒေသတွေမှာတာဝန်ကျတဲ့ တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို မူးယစ်ဆေးဝါးကုန်သည်တွေနဲ့ မှောင်ခိုစီးပွားရေးလုပ်ငန်းရှင်တွေက ငွေ၊ အရက်၊ မိန်းမပျက်တွေနဲ့ လာဘ်ထိုးလေ့ရှိတဲ့အပြင် တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကိုယ်တိုင်ကလည်း နယ်စပ်ဒေသတွေမှာ သွားလာလုပ်ကိုင်စားရင်း **HIV/AIDS** ရောဂါပိုး ကူးစက်ခံနေရတဲ့ အမျိုးသမီးတွေကို အနိုင်ကျင့်ဆက်ဆံရာက ကူးစက်ခံခဲ့ကြရတာဖြစ်ပါတယ်။ ရောဂါပိုးစွဲကပ်နေတဲ့ အကျင့်ပျက်တပ်ဖွဲ့ဝင်တွေကတဆင့် သူတို့ရဲ့ ဇနီးသားမယားတွေနဲ့ ရှေ့တန်းဒေသတွေက ရိုးသားတဲ့ တိုင်းရင်းသူအမျိုးသမီးတွေကိုပါ ရောဂါကူးစက်ပြန့်ပွားမှုတွေ ဆက်လက်ဖြစ်ပေါ်ရပြန်ပါတယ်။

နအဖ လက်နက်ကိုင်တပ်ဖွဲ့တွေထဲမှာ အခုလို **HIV/AIDS**ရောဂါတွေ ပြန့်နှန့်ကူးစက်နေရတာကို နအဖ ဗိုလ်ချုပ်ကြီးတွေက ဖေါ်ထုတ်ကြေညာခြင်းမပြုပဲ လျှို့ဝှက်ဖုံးကွယ်ထားတာကြောင့်လည်း ရောဂါကူးစက်ပြန့်ပွားနှုန်းဟာ လျော့ကျမသွားဘဲ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေတာ ဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဘာသာတရားနဲ့ ယဉ်ကျေးမှုအဆုံးအမတွေကြောင့် လူကုန်ကူးမှုတွေနဲ့ **Flesh-Trade** ခေါ် လိင်ကုန်ကူးမှုတွေ မရှိပါဘူးလို့ နအဖအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး

ခင်ညွှန့် က ၂၀၀၀ခုနှစ်မှာ တရားဝင် ပြောဆိုခဲ့ဘူးပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ **HIV/AIDS** ရောဂါကူးစက်ဖြစ်ပွားမှုဟာဟာ ဘယ်လိုမှဖုံးဖိထားလို့ မရနိုင်တော့တဲ့အခြေအနေကို ရောက်ရှိလာတဲ့အတွက် **AIDS** ခေါ် ကိုယ်ခံစွမ်းအားကျရောဂါဟာ အမျိုးသားရေးအန္တရာယ်တရပ်အဖြစ်နဲ့ မြန်မာပြည်သူလူထုတရပ်လုံးကို ခြိမ်းခြောက်နေပြီလို့ ဗိုလ်ချုပ်ကြီးခင်ညွှန့် ကိုယ်တိုင် ၂၀၀၁ခုနှစ် ဇန်နဝါရီ(၂၃)ရက်နေ့မှာ အပတ်စဉ်ထုတ် မြန်မာတိုင်းမ်စ် ဂျာနယ်ကတဆင့် ဝန်ခံပြောကြားခဲ့ရတာကို တွေ့ရပါတယ်။

နအဖ စစ်ဗိုလ်ချုပ်တွေဟာ ပြည်သူလူထုရဲ့ ကျန်းမာရေးကို သူတို့ကိုယ်တိုင်လည်း တာဝန်မယူနိုင်၊ နိုင်ငံတကာက မနေနိုင်လို့ လာရောက်အကူအညီပေးနေတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ **NGO** အဖွဲ့အစည်းတွေကိုလည်း ကန့်သတ်ချုပ်ချယ်မှုတွေ အမျိုးမျိုးပြုလုပ်နေပြန်တဲ့အတွက် မြန်မာနိုင်ငံအတွင်း **HIV/AIDS** ၊ **TB** နဲ့ ငှက်ဖျားရောဂါတွေကို ကာကွယ်တားဆီးတိုက်ဖျက်ရာမှာ အမေရိကန်ဒေါ်လာ (၉၈.၄) သန်း အကုန်အကျခံ ကူညီပေးနေတဲ့ **Global Fund** အဖွဲ့ကြီးဟာ လွန်ခဲ့တဲ့နှစ် ဩဂုတ်လအတွင်းမှာ သူ့ရဲ့လုပ်ငန်းတွေအားလုံးကို မလွှဲမရှောင်သာ ရပ်ဆိုင်းပစ်ခဲ့ရပါတယ်။ အလားတူ မြန်မာနိုင်ငံတွင်းရှိ အကျဉ်းသားတွေနဲ့ နယ်စပ်ကပြည်သူတွေကို အကူအညီပေးနေတဲ့ နိုင်ငံတကာကြက်ခြေနီအဖွဲ့ **(ICRC)** ကိုလည်း ဖိအားပေးကန့်သတ်မှုတွေပြုလုပ်ခဲ့တဲ့အတွက် အကျဉ်းထောင်၊ အကျဉ်းစခန်းတွေနဲ့ ဘဝသစ် အလုပ်ကြမ်းစခန်းတွေကို သွားရောက်စစ်ဆေး အကူအညီပေးတဲ့လုပ်ငန်းတွေကို လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာလကစပြီး စတင်ရပ်ဆိုင်းခဲ့ရတဲ့အပြင် ရန်ကုန် **(ICRC)** ရုံးခွဲကလွဲပြီး မန္တလေး၊ မော်လမြိုင်၊ ဘားအံ၊ တောင်ကြီးနဲ့ တောင်ငူမြို့တွေက **(ICRC)** လုပ်ငန်းဌာနတွေကို ပိတ်ပစ်ဖို့ နအဖပြည်ထဲရေးဝန်ကြီးက လွန်ခဲ့တဲ့ အောက်တိုဘာ(၂၃)ရက်နေ့မှာ ထပ်မံပြီးညွှန်ကြားတာကို ခံနေရပါတယ်။

မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေမှာ ကျန်းမာရေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးနေတဲ့ ပြင်သစ်အခြေစိုက်နယ်စီးမခြားဆရာဝန်များအဖွဲ့ **(MSF)** ဟာလည်း ဒီနှစ် မတ်လအတွင်းမှာ မြန်မာပြည်က ပြန်လည် ထွက်ခွါသွားခဲ့ရပါတယ်။ နိုင်ငံတကာ **INGOs** အဖွဲ့အစည်းတွေဟာ မြန်မာပြည်သူတွေ လိုအပ်နေတဲ့ ကျမ္မာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းတွေကို တတ်နိုင်တဲ့ဖက်က ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးနေတာဖြစ်ပေမဲ့ နအဖဗိုလ်ချုပ်ကြီးတွေကတော့ အဲဒီအဖွဲ့အစည်းတွေကို လူမှုရေးအသင်းအမည်ခံ နိုင်ငံရေးအဖွဲ့တွေလို့သာ ရှုမြင်ထားပြီး အဲဒီအဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုမှန်သမျှကို စစ်ရေးအမြင်၊ နိုင်ငံရေးအမြင်တွေနဲ့ မျက်ခြေမပြတ်စောင့်ကြည့်ပြီး ထိန်းချုပ်ကန့်သတ်နေကြပါတယ်။ ဒီအဖွဲ့တွေအတွက် အလုပ်လုပ်ပေးနေသူတွေနဲ့ ဆက်စပ်ပတ်သက်နေသူတွေကိုလည်း စည်းရုံးသိမ်းသွင်းပြီး အတွင်းသတင်းတွေရရှိအောင် စီစဉ်လုပ်ဆောင်နေကြပါတယ်။ နအဖ ဗိုလ်ချုပ်ကြီးတွေအနေနဲ့ ဒီလိုသာ ချုပ်ချယ်ကန့်သတ်မှုတွေကို ဆက်လက်ပြုလုပ်နေဦးမယ်ဆိုရင် မြန်မာပြည်သူတွေရဲ့ ကျန်းမာရေးလုပ်ငန်းတွေမှာ တဖက်တလမ်းက အကူအညီပေးနေတဲ့ **World Vision (USA)**၊ **AZG (Holland) PSI (Canada)** ၊ **Care in Myanmar (Australia)** နဲ့ **WFP** စတဲ့ **INGOs** အဖွဲ့အစည်းတွေဟာလည်း မကြာခင် မြန်မာပြည်က ပြန်လည်ထွက်ခွါသွားမဲ့ အလားအလာတွေ ရှိနေပါတယ်။

နအဖဗိုလ်ချုပ်ကြီးတွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ရဲ့ **HIV/AIDS** ရောဂါ တားဆီးကာကွယ်ရေး လှုပ်ရှားမှုတွေကိုလည်း နှောက်ယှက်ဟန့်တားမှုမျိုးစုံပြုလုပ်နေပါတယ်။ နအဖဗိုလ်ချုပ်ကြီးတွေရဲ့ အမြော်အမြင်ကင်းမဲ့တဲ့ ဒီလုပ်ရပ်တွေကြောင့် ဒီနှစ်အတွင်း မြန်မာနိုင်ငံရဲ့ **HIV/AIDS** ရောဂါ တားဆီးကာကွယ်တဲ့လုပ်ငန်းတွေအတွက် နိုင်ငံတကာက ထောက်ပံ့တဲ့ငွေကြေးဟာ ဒေါ်လာ(၇)သောင်းလောက်သာ ရရှိခဲ့တာကို တွေ့နိုင်ပါတယ်။ နိုင်ငံတကာ အကူအညီတွေကို ဘဝတူ အာဆီယံနိုင်ငံတွေဖြစ်ကြတဲ့ လာအိုနိုင်ငံက နိုင်ငံသားတစ်ဦးအတွက် (၄၇)ဒေါ်လာနှုန်း၊ ကမ္ဘောဒီးယားနိုင်ငံက (၃၅)ဒေါ်လာနှုန်း ရရှိခံစားနေကြချိန်မှာ မြန်မာနိုင်ငံသားတွေကတော့ တစ်ဦးကို (၂)ဒေါ်လာနှုန်းသာ ရရှိနေတာကို ဝမ်းနည်းစရာ တွေ့မြင်နေရပါတယ်။

တပ်မတော်သားတွေ၊ ရဲတွေအပါအဝင် မြန်မာပြည်သူလူထု ခံစားနေရတဲ့ **HIV/AIDS** ရောဂါကူးစက်ပြန့်ပွားမှုဟာ လူမျိုးပါပျောက်ကွယ်သွားနိုင်တဲ့ အမျိုးသားရေးအန္တရာယ်ဖြစ်ပါတယ်။ ဒီအန္တရာယ်ကို တမျိုးသားလုံးစည်းလုံးညီညွတ်စွာနဲ့ လက်တွဲတိုက်ဖျက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နအဖဗိုလ်ချုပ်ကြီးတွေအနေနဲ့ ကိုယ့်နိုင်ငံနဲ့ကိုယ့်လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးတယ်ဆိုရင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုဆောင်ရွက်ပြီး အနီးဆုံးရန်သူဖြစ်တဲ့ **HIV/AIDS** ရောဂါဆိုးရဲ့အန္တရာယ်ကို ဝိုင်းဝန်းတိုက်ဖျက်သင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Friday, December 01, 2006***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***